## ၁၉၄၇-ခုနှစ် ပင်လုံညီလာခံ မှ ၂၁-ရာစုပင်လုံညီလာခံဆီသို့

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ၂၁-ရာစု ပင်လုံညီလာခံကျင်းပရေးနှင့်ပတ်သက်၍ ထုတ်ဖော်ညွှန်ကြားလာသည့်အပေါ် တိုင်းရင်းသားပြည်သူများက ကြိုဆိုကြမည် ဖြစ်သည်။

၂၁-ရာစုပင်လုံညီလာခံဟူ၍ ခံယူထားသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချုပ်ဆိုထားသောပင်လုံစာချုပ်နှင့်၊ ချမှတ်ထားသည့် ပဋိညာဉ်အခြေခံမူများ၊ ကတိကဝတ်များကို အခြေခံထားပြီး ညီလာခံကြီးကို ကျင်းပသွားလိမ့်မည်ဟု တိုင်းရင်းသားပြည်သူများတို့က မျှော်လင့်ယုံကြည်ကြမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များတို့သည် ပင်လုံစာချုပ် ချုပ်ဆိုပြီး ပြည်ထောင်စုစိတ်ဓါတ် အင်အားဖြင့် လွတ်လပ်ရေးရရှိလာသည်မှာ နှစ်ပေါင်း(၇၀)နီးပါးရှိပြီးဖြစ်သည်။ သို့ရာတွင် တိုင်းပြည်အုပ်ချုပ်သောအစိုးရ အဆက်ဆက်သည် တိုင်းပြည်၏ အသက်သွေးကြောတမျှ အရေးကြီးသည့် ပင်လုံစာချုပ်၊ ပင်လုံပဋိညာဉ်အခြေခံမူများ၊ ကတိကဝတ်များနှင့်ပတ်သက်၍ စာအုပ်စာတမ်းများစနစ်တကျပြုစုပြီး ထုတ်ဝေခြင်း၊ အသိပညာပေးခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ တိုင်းရင်းသားပြည်သူများ လေ့လာသိရှိနိုင်ရန်နှင့် ညီလာခံအတွက် တဒေါင့်တနေရာမှ အထောက်အကူပြုနိုင်ရန် ရည်သန်လျှက် ရှင်းလင်းချက်အနည်းငယ်ဖြည့်စွက်ပြီး ပင်လုံစာချုပ်နှင့်ပတ်သက်သော သမိုင်းမှတ်တမ်းဝင်သည့် စာချုပ်စာတမ်းများအပိုင်း(၃)ပိုင်းကို မူရင်းစာသားပါအတိုင်း ဖော်ပြလိုက်ပါသည်။

**ပင်လုံစာချုပ်အပြည့်အစုံမှာ-**

အပိုင်း(၁) တပြိုင်တည်းလွတ်လပ်ရေးရယူရေးဆိုသည်မှာ - ရှမ်း၊ ကချင်၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များတို့က ၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ(၆)ရက်(၇)ရက်နေ့ ပင်လုံတွင် သဘောတူထားသည့်အချက်(၅)ချက်နှင့် ဖေဖော်ဝါရီလ(၁၂)ရက်နေ့ ပင်လုံစာချုပ်တွင် ပါရှိသောအချက်(၉)ချက်တို့ ဖြစ်သည်။

အပိုင်း(၂) လွတ်လပ်ရေးရရှိပြီးပါက တန်းတူရည်တူကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုသည်မှာ - ရန်ကုန်မြို့၊ ဂျူဗလီခန်းမကြီး၌ ၁၉၄၇-ခုနှစ်၊ မေလ(၂၃-၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းပြုပြည်ပြု ဖဆပလ ပဏာမညီလာခံသဘင်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ လိုအပ်သောအခြေခံ ထားရှိရမည့်မူများ၊ ကျောရိုးများချမှတ်နိုင်ရန် ချမှတ်ထားသော အခြေခံထားရှိရမည့်မူ(၁၄)ချက်မှတ်တမ်းနှင့် ၁၉၄၇-ခုနှစ်၊ ဇွန်လ(၁၆)ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ထားရှိရမည့် အခြေခံမူ(၄)ချက်နှင့် လမ်းညွှန်ချက်(၇)ချက် သဘောတူညီချက်မှတ်တမ်းများတို့ ဖြစ်သည်။

အပိုင်း(၃) ပင်လုံကတိကဝတ်များဆိုသည်မှာ- ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများနှင့် တိုင်းပြုပြည်ပြုလွှတ်တော်တွင် အရေးကြီးသော ဆွေးနွေးဖြေကြားသည့် သမိုင်းဝင်မှတ်တမ်းများတို့ ဖြစ်သည်။

### အပိုင်း(၁) တပြိုင်တည်းလွတ်လပ်ရေးရယူရေး

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များတို့သည် သီးခြားစီတည်ရှိသော ဗမာပြည်မ(Burma Proper)နယ်မြေ၊ ရှမ်းပြည်ထောင်စု(Federated Shan States)နယ်မြေ၊ ကချင်တောင်တန်းဒေသ(Kachin Hill Tracts)နယ်မြေနှင့် ချင်းတောင်တန်းဒေသ(Chin Hill District)နယ်မြေ(၄)ခုကို ကိုယ်စားပြုကြပြီး အမြော်အမြင်ကြီးမားစွာဖြင့် တိုင်ပင်ဆွေးနွေး အပေးအယူလုပ်ကြရာမှ-

၁။ **သီးခြားစီတည်ရှိသောနယ်မြေများတပြိုင်တည်းလွတ်လပ်ရေးရယူရန်၊**

၂။ **လွတ်လပ်ရေးရရှိပြီးပါက အမျိုးသားများတန်းတူရည်တူကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စု သမ္မတနိုင်ငံတော်တည်ထောင်သွားရန် ဖြစ်သည်။**

**ပင်လုံစာချုပ်အခြေခံမူများ**

အနာဂါတ်ပြည်ထောင်စုမဖွဲ့စည်းမီ ကြားဖြတ်ကာလအတွက် ဗမာပြည်မနှင့် ဘယ်ပုံဘယ်နည်းပူးပေါင်း ဆက်သွယ်မည်ကို ၁၉၄၇-ခုနှစ် ဖေဖော်ဝါရီလ(၆-၇)ရက်နေ့ပင်လုံတွင် ကျင်းပသော ရှမ်းစော်ဘွားကိုယ်စားလှယ်များ၊ ရှမ်းလူထုကိုယ်စားလှယ်များ၊ ကချင်ခေါင်းဆောင်များ၊ ချင်းခေါင်းဆောင်များပါဝင်သောအစည်းအဝေးက အောက်ပါအတိုင်း ဆုံးဖြတ်ကြသည်။

နယ်စပ်ဒေသခေါင်းဆောင်များသည် အနာဂတ်ပြည်ထောင်စုဖွဲ့စည်းရေးနှင့်ပတ်သက်၍ တိုင်းပြုပြည်ပြုလွှတ်တော်သို့ တက်ရောက်ရန် တညီတညွတ်တည်း သဘောတူကြသည်။

ရှမ်းနှင့် ကချင်ကော်မတီအစည်းအဝေးက ဗမာပြည်မနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရှမ်းနှင့် ကချင်တို့သည် လွတ်လပ်ရေးကို ပိုမိုလျင်မြန်စွာရရှိမည်ဟု ယုံကြည်သည့်အလျောက် အကူးအပြောင်းကာလတွင် ဗမာပြည်မအစိုးရ အမှုဆောင်ကောင်စီ၌ ပါဝင်ဆောင်ရွက်ရန်အတွက် မိမိတို့ လူမျိုးအသီးသီးကိုယ်စားလှယ်များကို အောက်ပါအချက်အလက်များအရ ပို့လွှတ်မည်။

(၁) ဗမာတို့နှင့်အဆင့်အတန်းတူ၊ အခွင့်အရေးတူ၊ ရပိုင်ခွင့်တူ၊ ဒီမိုကရေစီကျကျ ခံစားခွင့်ရှိရမည်။

(၂) အမှုဆောင်ကော်မတီတွင် ပါဝင်ဆောင်ရွက်ကြသော ရှမ်းကိုယ်စားလှယ်နှင့် ကချင်ကိုယ်စားလှယ်တို့သည် မိမိတို့ လူမျိုးအသီးသီး၏ ပြည်တွင်းရေးရာအားလုံးအတွက် တာဝန်ယူဆောင်ရွက်ကြရမည်။ ထို့အပြင် ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ မီးရထား၊ အကောက်တော်အစရှိသော အားလုံးနှင့်သက်ဆိုင်သည့်ကိစ္စများအတွက် အားလုံး စုပေါင်းတာဝန်ယူဆောင်ရွက်ကြရမည်။

(၃) ကချင်တို့က သီးခြားကချင်ပြည်အလိုရှိကြောင်း တောင်းဆိုချက်ကို ဤကော်မတီက ထောက်ခံသည်။

(၄) ဗမာပြည်အစိုးရနှင့် ဗြိတိသျှအစိုးရတို့၏ အောင်ဆန်း-အက်တလီစာချုပ်သဘောတူညီချက်များသည် ရှမ်း၊ ကချင်တို့နှင့် ပတ်သက်ခြင်း မရှိစေရ။

(၅) လွတ်လပ်ရေးရပြီးသည့်နောက် ဗမာ "ပြည်ထောင်စု" မှ ကျွန်ုပ်တို့သဘောကျသည့်အချိန်တွင် ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိစေမည်။

(က) ဗဟိုအခွန်တော်ငွေနှင့်စပ်လျဉ်း၍ ရှမ်းတို့ခံစားရသော အခွင့်အရေးနှင့် ရပိုင်ခွင့်အားလုံးတို့အတိုင်း ချင်းနှင့် ကချင်တို့ကလည်း လူဦးရေအလိုက် ခံစားခွင့်ရှိစေရမည်။

(ခ) ချင်းတို့ဒေသတွင် ဘဏ္ဍာရေးမလုံလောက်ရှိခဲ့သော် ဗမာပြည်အခွန်တော်ဆက်ငွေများမှ ဖြည့်တင်းသုံးစွဲရမည်။

(ဂ) ရှမ်း၊ ကချင်၊ ချင်းကိုယ်စားလှယ်များပါဝင်သော တောင်တန်းသားများစည်းလုံးညီညွတ်ရေးအဖွဲ့ ဦးစီးအမှုဆောင်ကောင်စီတရပ်ကို ဖွဲ့စည်းတည်ထောင်ရမည်။ ၎င်းအမှုဆောင်ကောင်စီ၌ တောင်တန်းသားများနှင့် ဗမာပြည်အစိုးရတို့အကြားတွင် ပေါ်ပေါက်သမျှသော ပေါ်လစီဆိုင်ရာကိစ္စရပ်အားလုံးနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးနိုင်သော အာဏာအပြည့်အစုံ ရှိရမည်။

**လက်မှတ်ရေးထိုးကြသူများ-**

ရှမ်းကော်မတီ(၁၄)ဦး၊ ကချင်ကော်မတီ(၆)ဦး၊ ချင်းကော်မတီ(၃)ဦး

အထက်ပါ ၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ(၆)ရက်နေ့နှင့် (၇)ရက်နေ့များတွင် ဆုံးဖြတ်ပြဋ္ဌာန်းသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဗမာ့ခေါင်းဆောင်များနှင့် ဆွေးနွေးညှိနှိုင်းရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဆပ်ကော်မတီသို့ တာဝန်လွှဲအပ်လိုက်သည်။

(၁) ဦးကြာပု (ရှမ်း)
(၂) မိုင်းပွန်စော်ဘွားကြီး (ရှမ်း)
(၃) ဆမားဒူးဝါးဆင်ဝါးနောင် (ကချင်)
(၄) ဒူးဝါးဇော်လွန်း (ကချင်)
(၅) ဦးလှွာမှုန်း (ချင်း)
(၆) ဦးသောင်ဇာခပ် (ချင်း)

ရှမ်း၊ ကချင်၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များသည် တောင်တန်းဒေသများက ဗမာပြည်မနှင့်တပြိုင်တည်း လွတ်လပ်ရေးရယူရန် မိမိတို့သဘောတူညီချက်များကို ၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ(၇)ရက်နေ့တွင် အပြီးပြင်ဆင်ထားပြီးဖြစ်၍ ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်များ သဘောတူညီချက်သည် သမိုင်းဝင်ပင်လုံစာချုပ်ကြီး၏ ရှေ့ပြေးအခြေခံအချက်များပင်ဖြစ်သည်။ ပင်လုံစာချုပ်၏ ပဋိညာဉ်အခြေခံအချက်များလည်း ဖြစ်ပေသည်။

၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ(၈)ရက်နေ့တွင် ပင်လုံသို့ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာခေါင်းဆောင်များနှင့်အတူ ဗြိတိသျှအစိုးရကိုယ်စားလှယ်မစ္စတာဘော်တွမ်လေတို့ ရောက်ရှိလာရာ ဗမာပြည်မနှင့် နယ်စပ်ဒေသ ပူးပေါင်းရေးပြဿနာမှာ အထူးတလည်ဆွေးနွေးစရာမလိုတော့ဘဲ ပြီးစီးသလောက်ပင် ဖြစ်ပေသည်။ နယ်စပ်ဒေသကိုယ်စားလှယ်များ၏ ဆုံးဖြတ်ချက်များကို အချောကိုင်လိုက်ခြင်းဖြင့် ပင်လုံစာချုပ်ကြီး ပေါက်ဖွားလာလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များတို့သည် ရှမ်း၊ ကချင်၊ ချင်းသဘောတူညီချက်(၅)ချက်အပေါ် အမြော်အမြင်ကြီးမားစွာဖြင့် ဖေဖော်ဝါရီ(၈-၉)ရက်များတွင် ကြိုတင်ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြရာ သဘောတူညီနိုင်မည့်အဆင့်သို့ ရောက်ရှိသွားခဲ့သည်။ ထို့ကြောင့် ၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာပြည်အစိုးရကိုယ်စားလှယ်များ၊ ရှမ်းစော်ဘွားကြီးများ၊ ရှမ်းပြည်လူထုကိုယ်စားလှယ်များ၊ ကချင်ဒူးဝါးကြီးများ၊ ကချင်လူထုကိုယ်စားလှယ်များနှင့် ချင်းတောင်တန်းဒေသမှ ခေါင်းဆောင်များသည် ပင်လုံညီလာခံကြီးကို စတင်ကျင်းပနိုင်ခဲ့သည်။

၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်နေ့ ပင်လုံညီလာခံကြီး စတင်ကျင်းပလျှင်ကျင်းပခြင်း ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာမှာ တောင်တန်းနယ်များအား ဗြိတိသျှအုပ်ချုပ်သည်ကို ဗမာများက မကြိုက်ကြောင်း၊ ဗမာများသည် တောင်တန်းဒေသအတွက် ပြောဆိုခြင်းမှာ ဗမာပြည်နှင့် တန်းတူအဆင့်အတန်း၊ အခွင့်အရေးရစေလိုသောကြောင့် ဖြစ်ကြောင်း၊ ဗမာလူမျိုးသည် ဗြိတိသျှကျွန်မဖြစ်လိုကြောင်း၊ ထိုနည်းတူ တောင်တန်းလူမျိုးများ ဗြိတိသျှကျွန်ဖြစ်သည်ကို ဗမာက မကြိုက်ကြောင်း၊ ထိုနည်းတူ တောင်တန်းလူမျိုးများသည် ဗမာကျွန်အဖြစ် မဖြစ်စေရကြောင်း ရှေးဦးစွာပြောကြားသွားသည်။

ထို့နောက် ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်ကြီးများ၏ သဘောတူညီဆုံးဖြတ်ချက်များ(၅)ချက်အပေါ် တချက်ချင်းအလိုက်အောက်ပါအတိုင်း ပြန်လည်ဆွေးနွေးရှင်းလင်းတင်ပြသွားသည်။

၁။ ဆုံးဖြတ်ချက်(၁)နှင့်ပတ်သက်၍ ဗမာတို့နှင့်အဆင့်အတန်းတူ၊ အခွင့်အလမ်းတူ၊ ရပိုင်ခွင့်တူ၊ ဒီမိုကရေစီကျကျခံစားခွင့်ရှိစေရမည်ဆိုသည့်အချက်နှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရပြီးနောက် ဗမာနိုင်ငံတွင် အဆင့်အ

တန်းခွဲခြားခြင်းမရှိစေရန်နှင့် အားလုံးတန်းတူရည်တူခံစားခွင့်ရရှိစေရန် အစည်းအဝေးကြီးတွင် အာမခံချက်ပေးကြောင်း ပြောကြားလိုက်ရာ ကိုယ်စားလှယ်များက တခဲနက်ထောက်ခံကြသည်။

၂။ ဆုံးဖြတ်ချက်(၂)နှင့်ပတ်သက်၍ မူအားဖြင့်လက်ခံပြီး အထူးပြောစရာမရှိကြောင်း ပြောကြားသည်။ ကိုယ်စားလှယ်အားလုံးကလည်း ထပ်မံဆွေးနွေးကြခြင်း မရှိချေ။

၃။ ဆုံးဖြတ်ချက်(၃)နှင့်ပတ်သက်၍ ကချင်တောင်တန်းဒေသတွင် အကျုံးမဝင်သည့် မြစ်ကြီးနား၊ ဗန်းမော်ခရိုင်နှင့်ကသာမြေပြန့်ဒေသများမပါဘဲ ကချင်ပြည်ဟု ပြည်နယ်တခုအဖြစ် ရပ်တည်နိုင်လိမ့်မည်ဟု မိမိ မယုံကြည်ကြောင်း၊ သို့သော် မိမိအနေဖြင့် လုပ်ပိုင်ခွင့်မရှိသော်လည်း ကချင်လူမျိုးများ လိုလားတောင့်တလျက်ရှိသည့် ကချင်ပြည်နယ်ဖြစ်လာရေးကို လေးစား၍ မူအားဖြင့် မိမိထောက်ခံကြောင်း၊ ယင်းကိစ္စကိုလည်း ရက်သတ္တပတ်အနည်းငယ်အတွင်း ရန်ကုန်၌ကျင်းပမည့် ဖဆပလညီလာခံတွင် မိမိကိုယ်တိုင် အဆိုတင်သွင်းမည်ဖြစ်ကြောင်း ပြောကြားရာ ကိုယ်စားလှယ်များက တခဲနက်ထောက်ခံကြသည်။

၄။ ဆုံးဖြတ်ချက်(၄)နှင့်ပတ်သက်၍ အောင်ဆန်း-အက်တလီစာချုပ်ကို လက်ခံခြင်းမပြုဟူသောကိစ္စမှာ ယခုဆွေးနွေးနေသည့်ကိစ္စနှင့် စပ်ဆိုင်ခြင်းမရှိသဖြင့် ဝေဖန်ဆွေးနွေးရန်မလိုကြောင်း ပြောကြားသွားသည်။

၅။ ဆုံးဖြတ်ချက်(၅)ခွဲထွက်ခွင့်နှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက မူအားဖြင့်လက်ခံပြီး ဤအစည်းအဝေးက ဆုံးဖြတ်နိုင်မည်မဟုတ်ကြောင်း၊ တိုင်းပြုပြည်ပြုတွင်တင်သွင်း၍ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်ကြောင်းတင်ပြရာ အများကလက်ခံကြသည်။

တောင်တန်းဒေသခေါင်းဆောင်များ၏ ဘဏ္ဍာရေးငွေခွဲဝေသုံးစွဲရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းချက်များကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးတင်ထွဋ်တို့က ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးနှင့်စပ်လျဉ်း၍ အချိုးကျခွဲဝေသုံးစွဲရမည်ဖြစ်ကြောင်း၊ ဗြိတိသျှအစိုးရလက်အောက်တွင် ရရှိစဉ်ကထက် ပို၍ရရှိစေရမည်၊ အာမခံချက်ပေးသည်ဟု ပြန်လည်ရှင်းလင်းသွားသည်။

**ဖေဖော်ဝါရီလ(၁၂) ရက်နေ့ ပင်လုံစာချုပ်**

ဗမာပြည်ဘုရင်ခံ၏အမှုဆောင်ကောင်စီမှ အဖွဲ့ဝင်အချို့နှင့် စဝ်ဖများအားလုံးတို့အပြင် ရှမ်းပြည်နယ်များ၊ ကချင်တောင်တန်းဒေသများနှင့် ချင်းတောင်တန်းဒေသတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသော ပင်လုံမြို့တွင်ကျင်းပသည့် အစည်းအဝေးကြီးတရပ်တွင် ...

ကြားဖြတ်ဗမာအစိုးရနှင့် ချက်ချင်းပူးပေါင်းခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့် ချင်းတို့သည် လွတ်လပ်ရေးကို ပိုမို၍ လျင်မြန်စွာ ရရှိလိမ့်မည်ဟု အစည်းအဝေးတက်ရောက်သူအဖွဲ့ဝင်တို့သည် ကန့်ကွက်သူမရှိဘဲ အောက်ပါအတိုင်း သဘောတူညီကြလေသည်။

၁။ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့(တစညဖ)၏ ကြိုးကိုင်အဖွဲ့ကိုယ်စားလှယ်များ ထောက်ခံချက်အရ တောင်တန်းသားများ၏ ကိုယ်စားလှယ်တဦးကို ဘုရင်ခံကရွေးချယ်ပြီး နယ်စပ်ဒေသများကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရန်အတွက် ဘုရင်ခံ၏အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်ထားရမည်။

၂။ ဤအတိုင်ပင်ခံပုဂ္ဂိုလ်ကို ဘုရင်ခံ၏အမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိ၊ ကောင်စီဝင်တဦးအဖြစ်ခန့်ထား၍ ကာကွယ်ရေးနှင့် ပြည်ပကိစ္စရပ်များတွင် ထုံးနည်းဥပဒေအရ အမှုဆောင်ကောင်စီ၏ အာဏာလက်အောက်သို့ရောက်ရှိသည့်နည်းတူ နယ်စပ်ဒေသကိစ္စများကိုလည်း အမှုဆောင်ကောင်စီ၏ အာဏာလက်အောက်သို့ ရောက်ရှိစေရမည်။ ဤနည်းလမ်းများအတိုင်း နယ်စပ်ဒေသဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ခွင့်အာဏာကို ပေးအပ်ရမည်။

၃။ အဆိုပါအတိုင်ပင်ခံပုဂ္ဂိုလ်ကို ၎င်းနှင့် လူမျိုးချင်းမတူသော ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးက ကူညီစေရမည်။ ရွေးဦးစွာ ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးတို့သည် ၎င်းတို့အသီးသီးသက်ဆိုင်သည့်နယ်များ၏ ကိစ္စရပ်များကို ဆောင်ရွက်ရန် ဖြစ်၍ အတိုင်ပင်ခံပုဂ္ဂိုလ်မှာ အခြားနယ်စပ်ဒေသအားလုံးတို့၏ကိစ္စရပ်များကို ဆောင်ရွက်စေရန် ဖြစ်သည်။

၄။ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှုဆောင်ကောင်စီတွင် အဖွဲ့ဝင်လူကြီးအနေဖြင့် နယ်စပ်ဒေသများ၏တဦးတည်းသောကိုယ်စားလှယ်အဖြစ်ပါဝင်ရမည် ဖြစ်သော်လည်း၊ ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်များသည် နယ်စပ်ဒေသများနှင့်သက်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည့်အခါ အမှုဆောင်ကောင်စီတွင် တက်ရောက်နိုင်ခွင့် ရှိစေရမည်။

၅။ အထက်တွင်သဘောတူညီသည့်အတိုင်း ဘုရင်ခံ၏အမှုဆောင်ကောင်စီကို တိုးချဲ့မည်ဖြစ်သော်လည်း၊ နယ်စပ်ဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ယခုခံစားနေရသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို မည်သည့်နည်းနှင့်မဆို တစုံတရာ လက်လွှတ်စေရန် အဆိုပါကောင်စီက ပြုလုပ်ခြင်းမရှိစေရ။ နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရာခိုင်နှုန်းအပြည့်ရှိစေရမည်ဟူသောမူကို သဘောတူညီကြသည်။

၆။ ပူးပေါင်းထားပြီးသောဗမာပြည်အတွင်း သီးသန့်ကချင်ပြည်နယ်တခုနယ်နိမိတ်သတ်မှတ်၍ တည်ထောင်ရန် ပြဿနာမှာ တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရန်ဖြစ်သော်လည်း ဤကဲ့သို့ သီးခြားပြည်နယ်တခု ထားရှိသင့်ကြောင်းကို သဘောတူညီကြသည်။ ဤရည်ရွယ်ချက်အထမြောက်စေရန်အလို့ငှာ ပထမခြေလှမ်းအနေဖြင့် ၁၉၃၅-ခုနှစ်၊ ဗမာနိုင်ငံတော်အစိုးရအက်ဥပဒေအရ၊ နောက်ဆက်တွဲစာရင်းပါအပိုင်း(၂)ဒေသများကဲ့သို့ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်တို့၏ အုပ်ချုပ်ရေးတွင် နယ်စပ်ဒေသအတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့အား ဆွေးနွေးတိုင်ပင်ရမည်။

၇။ နယ်စပ်ဒေသများ၏ နယ်သူနယ်သားတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားပြီးသော အခွင့်အရေးများတို့ကို ခံစားပိုင်ခွင့် ရှိစေရမည်။

၈။ ဤစာချုပ်တွင် သဘောတူညီကြသည့်အစီအစဉ်မှာ ပဒေသရာဇ်ရှမ်းပြည်နယ်စုတွင် ယခုအပ်နှင်းထားပြီးသောဘဏ္ဍာရေးနှင့်ပတ်သက်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထိခိုက်ခြင်း မရှိစေရန်။

၉။ ဤစာချုပ်တွင် သဘောတူညီကြသည့်အစီအစဉ်တို့မှာ မြန်မာပြည်အခွန်တော်ငွေများ ကချင်တောင်တန်းနယ်များနှင့် ချင်းတောင်တန်းနယ်များက ရသင့်ရထိုက်သောဘဏ္ဍာရေးအကူအညီကို ထိခိုက်ခြင်းမရှိစေရ။ မြန်မာပြည်နှင့် ရှမ်းပြည်နယ်မြေစု၏ ဘဏ္ဍာရေးအစီအစဉ်များကဲ့သို့ ကချင်တောင်တန်းနှင့် ချင်းတောင်တန်းများတို့အတွက် အလားတူ အစီအစဉ်များကို ထားရှိကျင့်သုံးရန်ဖြစ်နိုင်မည်မဖြစ်နိုင်မည်ကို ဘုရင်ခံ၏အမှုဆောင်ကောင်စီက နယ်စပ်ဒေသများ၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ စစ်ဆေးကြည့်ရှုရမည်။

**လက်မှတ်ရေးထိုးကြသူများ-**

**ရှမ်းကော်မတီ (၁၄) ဦး၊ ကချင်ကော်မတီ (၆) ဦး၊ ချင်းကော်မတီ (၃) ဦး၊ ဗမာနိုင်ငံတော်အစိုးရ (၁)ဦး**

**မှတ်ချက်**

၁။ ၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ(၆-၇)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်း၊ ကချင်၊ ချင်း အစည်းအဝေးဆုံးဖြတ်ချက် (၅)ချက်သည် ပင်လုံစာချုပ်၏ အခြေခံမူဖြစ်ပြီး ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ချုပ်ဆိုထားသော စာချုပ်သည် အကောင်ထည်ဖော်ရန် လုပ်ငန်းစဉ်ဖြစ်သည်။

၂။ ပင်လုံစာချုပ်နှင့် ပင်လုံစိတ်ဓါတ်ပဋိညာဉ်များသည် တိုင်းရင်းသားလူမျိုးများအတွက် စစ်မှန်သောပြည်ထောင်စုစိတ်ဓါတ်ကို တည်ဆောက်ပေးနိုင်သဖြင့် ဗမာပြည်နှင့် ရှမ်းပြည်၊ ကချင်ပြည်၊ ချင်းပြည် စသည့် တောင်တန်း၊ မြေပြန့်နယ်မြေများ တပြိုင်တည်းလွတ်လပ်ရေးကို အမိအရဆွတ်ခူးပေးနိုင်ခဲ့သည်။

၃။ ပင်လုံစာချုပ်သည် လူမျိုးကိုယ်စားပြုစာချုပ် မဟုတ်ပါ။ နယ်မြေကိုယ်စားပြုစာချုပ်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဗမာပြည်မ (Burma proper)နယ်မြေတွင် အတူတကွနေထိုင်ကြသော ကရင်၊ မွန်၊ မြန်မာ၊ ရခိုင် တိုင်းရင်းသားလူမျိုးကိုယ်စားပြုအဖွဲ့အစည်းများသည် ဖဆပလအဖွဲ့ချုပ်တွင် ပါဝင်သည့်ပြင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော အစိုးရတွင် အားလုံးပါဝင်ကြသည်။ ထို့ကြောင့် ပင်လုံစာချုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းက ဝန်ကြီးချုပ်အဖြစ် အားလုံးကိုယ်စားပြုလက်မှတ်ထိုးထားခြင်းဖြစ်သည်။

၄။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များတို့သည် ပင်လုံစာချုပ်၊ ပင်လုံပဋိညာဉ်များ၊ ပင်လုံကတိကဝတ်များချမှတ်ပြီး ပြည်ထောင်စုစိတ်ဓါတ်အင်အားဖြင့် သီးခြားစီရှိသောနယ်မြေ(၄)ခု လွတ်လပ်ရေးကို တပြိုင်တည်း အမိအရ ဆွတ်ခူးပေးနိုင်ခြင်းဖြစ်သည်။

**အပိုင်း (၂ ) အမျိုးသားများတန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး**

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များတို့သည် လွတ်လပ်ရေးရရှိပြီးပါက အမျိုးသားများ တန်းတူရည်တူကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရန် လိုအပ်သည့်အခြေခံမူများ၊ အခြေခံကျောရိုးများကို ချမှတ်ထားခဲ့သည်။

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ဖဆပလအဖွဲ့ချုပ်က အခြေခံမူနှင့် ကျောရိုးများချမှတ်ခြင်း**

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ပြီး တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည့် တိုင်းပြုပြည်ပြုလွှတ်တော်ကဲ့သို့သော ရန်ကုန်မြို့၊ ဂျူဗလီခန်းမကြီး၌ ၁၉၄၇-ခုနှစ်၊ မေလ(၂၃-၂၄)ရက်နေ့တွင် ကျင်းပသော တိုင်းပြုပြည်ပြု ဖဆပလ ပဏာမညီလာခံသဘင်တွင် အဆို(၁၄)ခု တင်သွင်းသည့်အပေါ် ဖဆပလ၏ပဏာမညီလာခံက သဘောတူလက်ခံချမှတ်ထားခဲ့သည်။

*အခန်း (၁)*

*နိုင်ငံဖွဲ့စည်းပုံ*

(၁) ဗမာနိုင်ငံတော်ကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံ ဟူ၍ ကြေညာရမည်။

(၂) ဆိုခဲ့ပြီးသော လွတ်လပ်ပြီးသော အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံတော်တွင်-

(က) (၁) ဗမာပြည်ဝန်ကြီးအဖွဲ့က အုပ်ချုပ်သော ဗမာပြည်မ

(၂) ဟုမ္မလင်းခရိုင်ခွဲ

(၃) ဆင်ကလိန်ခန္တီး

(၄) သောင်သွတ်

(၅) ဆွမ္မရာနယ်ပယ်

(၆) နာဂတောင်တန်းများ

(၇) သံလွင်ခရိုင်

(၈) ကန်ပက်လက်ခရိုင်ခွဲ

(ဇ) ရခိုင်တောင်တန်းဒေသ ဟူ၍ ခေါ်ဝေါ်သောဒေသများ

(ခ) ကိုးခန်းနှင့် မောင်းပိုင်တို့ အပါအဝင်ဖြစ်သော ရှမ်းပြည်ထောင်စု

(ဂ) ကရင်နီပြည်နယ်များ

(ဃ) ကချင်တောင်တန်းများ

(င ) ကန်ပက်လက်ခရိုင်ခွဲ မပါသော ချင်းတောင်တန်းခရိုင် တို့ပါဝင်ရမည်။

(၃) ဆိုခဲ့ပြီးသောလွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံတော်သည် ပြည်ထောင်စုဗမာနိုင်ငံတော်ဟု ခေါ်တွင်ရမည်။

(က) အောက်ပါဂုဏ်အင်္ဂါများရှိသော ပြည်သူပြည်သားများအား ပြည်ထောင်စုပြည်နယ်အဆင့်အတန်းကို ပေးအပ်ရမည်။

၁။ ပထဝီအနေအထားအရ နယ်နိမိတ်အထင်အရှားရှိခြင်း၊

၂။ ဗမာစကားနှင့်မတူသော ဘာသာစကားတမျိုးတည်းရှိခြင်း၊

၃။ ယဉ်ကျေးမှုတမျိုးတည်းရှိခြင်း၊

၄။ ရာဇဝင်အစဉ်အလာ တမျိုးတည်းရှိသော လူစုရှိခြင်း၊

၅။ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးနှင့် စီးပွားရေးလုံလောက်မှုတို့ ရှိသော လူစုရှိခြင်း၊

၆။ လူဦးရေ အတော်အတန်ရှိခြင်း၊

၇။ သီးခြားပြည်ထောင်စုဒေသတခုအဖြစ်ဖြင့် မိမိ၏ကိုယ်ပိုင်ထင်ရှားချက်အတိုင်း နေလိုသောဆန္ဒရှိခြင်း၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ရမည့်နယ်အဆင့်အတန်းကို အထက်ပါဂုဏ်အင်္ဂါများ၊ နည်းများမဆိုရှိပါသော်လည်း စီးပွားရေးလုံလောက်မှုရှို့ငဲ့နေသော ပြည်သူပြည်သားများအား ပေးအပ်ရမည်။

(ဂ) လူမျိုးစုပြည်နယ်အဆင့်အတန်းကို နည်းများမဆို သီးခြားဘာသာစကားရှိခြင်း၊ ထိုဘာသာစကားကို အတော်အသင့်အားဖြင့် တစုတပေါင်းတည်းပြောဆိုသောဒေသရှိခြင်း၊ မိမိ၏ ကိုယ်ပိုင်ထင်ရှားချက်အတိုင်း နေလိုသော ဆန္ဒရှိခြင်းတို့မှတပါး အထက်ပါအားလုံးသောဂုဏ်အင်္ဂါများ၌ ချို့ငဲ့နေသောပြည်သူပြည်သားများအား ပေးအပ်ရမည်။

(ဃ) တိုင်းရင်းသားလူနည်းစုအခွင့်အရေးများကို -

၁။ လူမျိုးအားဖြင့်လည်းကောင်း၊ ဘာသာစကားအားဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုအားဖြင့်လည်းကောင်း၊ ရာဇဝင်အစဉ်အလာအားဖြင့်လည်းကောင်း လူများစုနှင့်ကွဲပြားခြားနား၍၊

၂။ ဗမာတပြည်လုံး၌ဖြစ်စေ၊ အဖွဲ့ဝင်ဒေသတခုခု၌ဖြစ်စေ ရှိသောလူဦးရေအားလုံးတွင် အနည်းဆုံး(၁၀)ပုံ (၁)ပုံမျှလူဦးရေရှိသောလူတစုအား ရရှိနိုင်စေရန် ဝန်ခံချက်ပြုရမည်။

အခန်း (၂) မူလအခွင့်အရေးများ

အခန်း (၃) နိုင်ငံတော်ဝါဒ၏ ရည်ရွယ်ချက်သဘောတရားများ

အခန်း (၄) ပြည်ထောင်စုဗမာနိုင်ငံတော်သမ္မတ

အခန်း (၅) ပြည်ထောင်စုဥပဒေပြုအဖွဲ့

အခန်း (၆) ပြည်ထောင်စုအုပ်ချုပ်ရေးအဖွဲ့

အခန်း (၇) ပြည်ထောင်စုဥပဒေအဖွဲ့

အခန်း (၈) ပြည်ထောင်စုပြည်နယ်

အခန်း (၉) ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်

အခန်း (၁၀) လူမျိုးစုပြည်နယ်အုပ်ချုပ်ရေးအရာရှိ

အခန်း (၁၁) တိုင်းရင်းသားလူနည်းစုများ

အခန်း (၁၂) ခွဲထွက်နိုင်သောအခွင့်အရေး

အခန်း (၁၃) နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း

အခန်း (၁၄) စပ်ကူးမတ်ကူးကာလနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များ

**မှတ်ချက်** ။ ။ အထက်ဖော်ပြပါ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ပြီး တိုင်းပြုပြည်ပြုလွှတ်တော်ကဲ့သို့ သဘောတူချမှတ်ထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံထားရှိရမည့်မူများ၊ ကျောရိုးများ အခန်း(၁၄)ခန်း ချမှတ်ထားခဲ့သည်။ ယင်းအနက် အခန်း(၂)မှ(၁၄)အထိ ခေါင်းစဉ်များကိုသာ ဖော်ပြထားသည်။ အခန်း(၂)သည် ပြည်သူပြည်သားများ ဒီမိုကရေစီအခြေခံလူ့အခွင့်အရေးများအတွက် ပြည့်စုံစွာ ချမှတ်ထားသည်။ အဓိကအရေးကြီးသော အခြေခံမူများ၊ အခြေခံကျောရိုးများပါဝင်သည့် အခန်း(၁) နှင့်ပတ်သက်၍ အခန်းအပြည့်ဖော်ပြပြီး အောက်ပါအတိုင်းရှင်းလင်းဖော်ပြပါသည်။

<u>**ရှင်းလင်းချက်။**</u>

အခန်း(၁)ဖွဲ့စည်းပုံ ပုဒ်မ(၁)သည် နိုင်ငံအဆင့်အတန်းကို ဖော်ပြထားသည်။ ပုဒ်မ(၂)(က)သည် လက်ရှိနယ်မြေ(၅)ခုဖြင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို လျာထားသည်။ ပုဒ်မ(၃)(က)သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အဆင့်ပေးအပ်ရမည့်အချက်၊ ဂုဏ်အင်္ဂါရပ်များ(၇)ချက်ကို ဖော်ပြထားသည်။ အထက်ဖော်ပြပါ ဂုဏ်အင်္ဂါရပ်များ(၇)ချက်သည် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များလျာထားပြီးသော ကချင်၊ ကရင်နီ၊ ချင်း၊ ရှမ်းအမျိုးသားများအတွက် မဟုတ်ကြောင်း၊ အဆိုပါ ကချင်၊ ကရင်နီ၊ ချင်း၊ ရှမ်း တိုင်းရင်းသားများသည် မြန်မာစကားနှင့် တူမတူမေးစရာမလို၊ ဖြေစရာမလိုကြောင်း ရှင်းလင်းပေသည်။ အထက်ဖော်ပြပါ ဂုဏ်အင်္ဂါရပ်များ(၇)ချက်အပါအဝင် မြန်မာစကားနှင့်မတူသော ဘာသာတမျိုးတည်းရှိခြင်း ဖော်ပြထားသည်မှာ ဗမာပြည်မနယ်မြေတွင် အတူတကွနေထိုင်ကြပြီး ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်း မပြုနိုင်သော ကရင်၊ မွန်၊ ရခိုင်အမျိုးသားများအတွက် ဖော်ပြထားခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုဖွဲ့စည်းပုံရေးဆွဲရာတွင် ကရင်၊ မွန်၊ ရခိုင်အမျိုးသားများအတွက် တပြိုင်တည်း ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များအဖြစ် ဖော်ထုတ်ပေးရမည်ဖြစ်သည်။ ထို့အတူ မြန်မာအမျိုးသားများသည်လည်း ပင်လုံစိတ်ဓါတ်အရ အခြားတိုင်းရင်းသားများနှင့် အဆင့်အတန်းတူညီသဖြင့် မြန်မာအမျိုးသားများအတွက်ကိုလည်း ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်တခုအဖြစ် တပြိုင်တည်းဖော်ထုတ်ရမည်ဖြစ်သည်။ ထို့ပြင် ပုဒ်မ(၃)ပုဒ်မခွဲ(ခ)(ဂ)(ဃ)တွင် ကျန်ရှိသည့် အခန်း(၁) ပုဒ်မ(၂)(က)(၂-၃-၄-၅-၆-၇-၈-၉)နယ်မြေများတွင် နေထိုင်ကြသော လူမျိုးစုများအတွက်ကိုလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်များ၊ လူမျိုးစုပြည်နယ်များအဆင့်အတန်းများ ပေးအပ်ရမည်ဟု ဖော်ပြချမှတ်ထားခြင်းဖြစ်သည်။

ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ မြန်မာ၊ ရှမ်း၊ ရခိုင် စသည့်အမျိုးသားပြည်နယ်(၈)ခုသည် အမျိုးသားများတန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များအဖြစ် ချမှတ်ရမည်ဖြစ်ပြီး ကျန်ရှိသောတိုင်းရင်းသားလူမျိုးစုများကိုလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်များဖော်ထုတ်ပေးရမည်ဟု အခိုင်အမာချမှတ်ထားပြီးဖြစ်သည်။

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် တိုင်းပြုပြည်ပြုလွှတ်တော်က အခြေခံမူများချမှတ်ခြင်း**

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇-ခုနှစ်၊ ဇွန်လ(၁၆)ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော်ပထမညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ထားရှိရမည့်အခြေခံမူ(၄)ချက်နှင့် လမ်းညွှန်ချက်(၇)ချက်အဆိုကိုတင်သွင်းပြီး ညီလာခံက တညီတညွတ်တည်းသဘောတူညီချက် ချမှတ်ခဲ့သည်။

**အခြေခံမူများ (၄)ချက်**

(၁) လွတ်လပ်သောနိုင်ငံဖြစ်ရမည်။ (Independence)

(၂) အချုပ်အခြာအာဏာပိုင်ရမည်။ (Sovereignty)

(၃) ဒီမိုကရေစီသမ္မတနိုင်ငံဖြစ်မည်။ (Republic)

(၄) ပြည်ထောင်စုနိုင်ငံဖြစ်ရမည်။ (Union State) ... ဟုချမှတ်ထားသည်။

**မှတ်ချက်။**

အထက်ဖော်ပြပါအခြေခံမူ(၁)နှင့်(၂)သည် ကနေဒါ၊ သြစတေးလျနိုင်ငံကဲ့သို့ ဒိုမီနီယံအစောင့်အရှောက်ခံနိုင်ငံ လက်မခံဘဲ လုံးဝလွတ်လပ်ရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိရမည်ဟု သတ်မှတ်ထားသည်။ အခြေခံမူ(၃)သည် ပြည်သူလူထု၏ ဒီမိုကရေစီအခွင့်အရေးကို ဖော်ဆောင်ပေးသော ပြည်သူ့လွှတ်တော်တရပ်နှင့် အမျိုးသားပြည်နယ်များ တန်းတူရေးကို ဖော်ဆောင်ပေးသော အမျိုးသားလွှတ်တော်တရပ်ထားရှိပြီး ထပ်တူဥပဒေပြုအာဏာ သတ်မှတ်ထားသည်။ အခြေခံမူ(၄)သည် တပြည်ထောင်မဟုတ်၊ ပြည်မနှင့် ပြည်နယ်များ ဖားတပိုင်းငါးတပိုင်းပြည်ထောင်စုမဟုတ်ဘဲ ပြည်ထောင်စုစစ်စစ်နိုင်ငံကို တည်ထောင်ရမည်ဟု အတိအလင်းချမှတ်ထားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြုပြည်ပြုလွှတ်တော် ပထမညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့် အခြေခံမူ(၄)ချက်နှင့် လမ်းညွှန်ချက်(၇)ချက်ကို ရှင်းလင်းချက်များနှင့်တကွတင်ပြပြီး ညီလာခံက တခဲနက်အတည်ပြုချမှတ်ခဲ့သည်။

**လမ်းညွှန်ချက်(၇)ချက်**

လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် ဗမာနိုင်ငံတော်အတွက် ရေးဆွဲရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်(၇)ချက်ကိုတင်သွင်းပြီး အတည်ပြုချက်ရယူခဲ့သည်။

တောင်တန်းဒေသများနှင့် ကရင်နီနယ်များအပါအဝင်ဖြစ်သော မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကိုယ်စားလှယ်များသည် တိုင်းသူပြည်သားတို့၏ အာသီသဆန္ဒနှင့်လျော်ညီစွာ၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စီစဉ်ရေးဆွဲရန်အလို့ငှာ စုံညီစုဝေးကြလျက် အောက်ပါပြဋ္ဌာန်းချက်များကို ချမှတ်ကြောင်း။

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာပြည်ထောင်စုနိုင်ငံတော်ဟုခေါ်တွင်စေသော လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဖြစ်စေရမည်။ ထို့အပြင် -

၂။ ပြည်ထောင်စုနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟု သတ်မှတ်ဖော်ပြသည့် တသီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ ရရှိစေရမည်။ ထို့အပြင် -

၃။ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမ္မတဗမာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့်အစိုးရ အဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ ဆင်းသက်စေရမည်။ ထို့အပြင်-

၄။ ပြည်ထောင်စုနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေးရာ၌လည်းကောင်း၊ စီးပွားရေးရာ၌လည်းကောင်း၊ နိုင်ငံရေးရာ၌လည်းကောင်း တရားမျှတမှုရှိစေလျက်၊ အဆင့်အတန်းအခွင့်အရေးဥပဒေသက်ရောက်မှုတို့တွင် ဆူကြံ နိမ့်မြင့်မရှိ၊ ပကတိတူညီစေရမည့်အပြင်၊ တရားဥပဒေနှင့်သော်လည်းကောင်း၊ အများပြည်သူတို့စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်လည်းကောင်း၊ မဆန့်ကျင်သမျှ လွတ်လပ်စွာကြံစည်ပိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော် ပြောဆို ပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုခွင့်၊ ပရိယေသနရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူ ဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခိုင်အလုံသတ်မှတ်ထားရှိစေ ရမည်။ ထို့အပြင် -

၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူနည်းစုများအဖို့ လုံလောက်သောကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရ မည်။ ထို့အပြင် -

၆။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတဗမာနိုင်ငံ၏နယ်မြေတို့ တပေါင်းတစည်းတည်း တည်တံ့ခိုင်မြဲရေးကို လည်းကောင်း၊ နိုင်ငံ၏ ကြည်း၊ ရေ၊ လေတို့ကို အချုပ်အခြာစိုးမိုးအုပ်ချုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ တရားဓမ္မနှင့်တကွ ပြည်ထောင်ချင်းချင်း ဥပဒေအရထိန်းစောင့်ထားရှိစေရမည်။ ထို့အပြင် -

၇။ ရာဇဝင်တွင် ထင်ရှားခဲ့သော ဤဗမာနိုင်ငံတော်သည် ကမ္ဘာတွင် မိမိ၏ ဂုဏ်ကျက်သရေနှင့်လျော်စွာ ရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေရမည့်ပြင်၊ လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာပြည့်ဝရေးတို့ကို တာ ဝန်အလျောက် စေတနာဖြင့် အစွမ်းကုန် ဖြည့်စွက်ထမ်းရွက်ကာ ပြည်ထောင်ချင်းချင်းဆိုင်ရာ တရားဓမ္မနှင့် ကျင့်ဝတ် သိက္ခာကိုအခြေခံပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေးရှေ့ရှုလျက် နိုင်ငံတကာတို့နှင့် မိတ်ဝတ်မပျက် တွဲဖက်ပူးပေါင်းဆောင် ရွက်မှုကို ခိုင်မြဲသောအဓိဋ္ဌာန်ဖြင့် စောင့်ထိန်းတော့အံ့။

**မှတ်ချက်** ။ ။ အထက်ဖော်ပြပါ အပိုင်း(၁)နှင့် အပိုင်း(၂)တွင် ပါရှိသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအဖွဲ့ချုပ်နှင့်တိုင်းရင်းသားခေါင်းဆောင်တို့သည် ပြည်သူ၊ ပြည်သားများဒီမိုကရေစီအခြေခံလူ့အ ခွင့်အရေးများ ရှိစေရမည့်အပြင် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ မြန်မာ၊ ရှမ်း၊ ရခိုင်တိုင်းရင်းသားများ တန်းတူရည်တူကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး၊ ဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံတော် တည်ထောင်ရေးအတွက် လိုအပ်သောအခြေခံဥပဒေမူများ၊ ကျောရိုးများ၊ လမ်းညွှန်ချက်များကို အခိုင်အမာချမှတ်ထားပြီးဖြစ်သည်။

## အပိုင်း(၃) ပင်လုံကတိကဝတ်များ

### (၁) ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းမြွက်ကြားသည့် မိန့်ခွန်း

၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်နေ့ ပင်လုံတွင် ကျင်းပပြုလုပ်သည့် တောင်တန်းဒေသညီလာခံ၌ ဗိုလ်ချုပ် အောင်ဆန်း မိန့်ခွန်းပြောကြားရာတွင် တောင်တန်းနယ်များကို ဗြိတိသျှအုပ်ချုပ်သည်ကို ဗမာများကမကြိုက်ကြောင်း၊ ဗမာ များသည် တောင်တန်းဒေသအတွက် ပြောဆိုခြင်းမှာ ဗမာပြည်နှင့် တန်းတူအဆင့်အတန်း၊ အခွင့်အရေးရစေလိုသော ကြောင့်ဖြစ်ကြောင်း၊ ဗမာလူမျိုးသည် ဗြိတိသျှကျွန်မဖြစ်လိုကြောင်း၊ ထိုနည်းတူ တောင်တန်းလူမျိုးများသည်လည်း ဗမာ

ကျွန်အဖြစ်မဖြစ်စေရကြောင်း ပင်လုံစာချုပ်ပဋိညာဉ်အဖြစ် ပွင့်လင်းသည့် သမိုင်းဝင်ကတိကဝတ်မိန့်ခွန်းများ မြွက်ကြားသွားခဲ့သည်။

**(၂) တိုင်းပြုပြည်ပြုလွှတ်တော်ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့်မိန့်ခွန်း**

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇-ခုနှစ်၊ မေလ(၁၉)ရက် ဖဆပလ၏ ပဏာမပြင်ဆင်ရေးညီလာခံတွင် နိုင်ငံတော်အတွက် ရေးဆွဲရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ချက်(၇)ချက်ကို ချမှတ်သည်။ ၁၉၄၇-ခုနှစ်၊ ဇွန်လ(၁၆)ရက် တိုင်းပြုပြည်ပြုလွှတ်တော်၏ ပထမအကြိမ်ညီလာခံ၌ မိန့်ခွန်းပြောကြားချက်မှာ-

"တောင်တန်းဒေသတိုင်းရင်းသားလူမျိုးများ စိုးရိမ်စရာအလျဉ်းမရှိပါနှင့်။ ကျနော်တို့ တောင်တန်းဒေသနှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့တဲ့ စာချုပ်အရဖြစ်စေ၊ နောက်ပြီး တောင်တန်းဒေသစုံစမ်းရေးအဖွဲ့အစီရင်ခံစာမှ ထောက်ခံချက်များအရ ကျနော်တို့ လက်ခံလာသည့်အတိုင်းဖြစ်စေ၊ လက်ခံထားတဲ့သဘောမပါဘဲ (Not only the letter of agreement) ဒီစာသဘောကို ကျနော်တို့ သဘောတူညီလာခဲ့တာတွင် မကဘဲ ကျနော်တို့မှ (The spirit of agreement) သဘောတူညီလာခဲ့တာကို၊ ပြီးတော့ဒီအတိုင်းပဲ ဒီတိုင်းပြုပြည်ပြုလွှတ်တော်မှာ လုပ်မှာပါပဲဆိုတာ တောင်တန်းကိုယ်စားလှယ်များကို တိတိလင်းလင်းနားလည်စေချင်ပါတယ်။ ကျနော်တို့ ပေးထားသောကတိ၊ နားလည်ပြီးသားသဘောတူညီချက်များကို နယ်ချဲ့သမားလို ဖောက်ဖျက်ခြင်း မလုပ်ပါဘူး။ ဒီလိုပေးထားသောကတိ၊ နားလည်ပြီးသားသဘောတူညီချက်များကို ဖောက်ဖျက်မည်လား။ သံသယရှိတဲ့လူတွေဟာ ကျနော်တို့ရဲ့ Sense of honour, sense of self-respect, sense of pride ကို စော်ကားတယ်လို့ ကျနော်တို့ယူဆပါတယ်။ အဲဒီတော့ ကျနော်တို့ဗမာလူမျိုးစုများဖြစ်တဲ့ လူတွေဟာ ခင်ဗျားတို့သဘောမတူဘဲ မနေနိုင်တဲ့ အခြေအနေမျိုးကို လက်တလုံးခြားလိမ်တဲ့နည်းနဲ့လည်း ကျနော်တို့မလုပ်ပါဘူးဆိုတာ အတိအလင်းနားလည်စေချင်ပါတယ်" ဟု ပင်လုံစာချုပ်ပဋိညာဉ်အဖြစ် ကတိကဝတ်မိန့်ခွန်းများကို မြွက်ကြားခဲ့သည်။

**(၃) တိုင်းပြုပြည်ပြုလွှတ်တော်တွင် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက် မြွက်ကြားသည့် မိန့်ခွန်း**

ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်သည် ၁၉၄၇-ခုနှစ်၊ ဇွန်လ(၁၃)ရက်နေ့က ကျင်းပပြုလုပ်သောတိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွင် ဦးနုအား လွှတ်တော်ဥက္ကဋ္ဌအဖြစ်တင်မြှောက်ရန် အဆိုတင်သွင်း မိန့်ခွန်းမြွက်ကြားခဲ့သည်။ ယင်း မိန့်ခွန်းမြွက်ကြားချက်မှ အချို့ကို ကောက်နုတ်တင်ပြလိုပေသည်။

"ကျွန်ုပ်တို့ ရှမ်း၊ ကချင်၊ ချင်း တောင်ပေါ်တိုင်းရင်းသားများဟာ အင်္ဂလိပ်နယ်ချဲ့စနစ်အောက်က လွတ်မြောက်ဖို့ ဗမာပြည်မနှင့် ပူးပေါင်းသွေးစည်းနေကြရပေမည်။ ဟိုရှေးရာဇဝင်က အဖြစ်အပျက်တွေကိုသတိရပြီး ဗမာတွေဟာ တို့ထက်ပိုပြီး လူလည်းများတယ်။ ဉာဏ်လည်းသာတယ်။ ဒီတော့ တနေ့နေ့မှာ မတော်တဆများ တို့ကို လူမျိုးငယ်ဆိုပြီး ဖိနှိပ်စော်ကားလုပ်များနေမလားဆိုပြီး ဓမ္မတာအတိုင်း တထိတ်ထိတ် တွေးပူစိုးရိမ်လျက် ရှိကြပါတယ်။"

သခင်မြ (သာယာဝတီ ကျေးလက်တောင်ပိုင်း) "မဖြစ်ရပါဘူး။"

ညောင်ရွှေစော်ဘွားကြီးက -

"ကျွန်ုပ်တို့ အင်မတန်မြတ်နိုးတဲ့ တန်းတူအခွင့်အရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်တွေကိုများ ထိပါးကျူးကျော်ပြုလေမလားလို့လည်း တထင့်ထင့်ဖြစ်မယ်ဆိုလျှင် ဓမ္မတာအတိုင်း ကျွန်ုပ်တို့မလွန်ဘူးလို့ ထင်ပါတယ်။ မတော်တဆ ဒီလိုမဖွယ်မရာ၊ မတရားမှုတွေများ ဖြစ်ပေါ်လာလို့ရှိရင် အားနည်းတဲ့ဘက်က အစဉ်နေလာတဲ့ သခင်နုဟာ တရားလမ်းမှန်အတိုင်း ကျွန်ုပ်တို့ဘက်က ရှုပ်ရှုပ်ချွံချွံ ကာကွယ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်အားထားပါတယ်။ (သြဘာသံများ) ကျွန်ုပ်တို့ သဘောကတော့ ရိုးရိုးနဲ့ခပ်ရှင်းရှင်းပဲ။ လောလောဆယ် အင်္ဂလိပ်ကျွန်ဘဝက လွတ်ချင်တယ်။ ဒီလို လွတ်လပ်ရေးရဖို့ ဗမာပြည်နဲ့ပူးပေါင်းဆောင်ရွက်မှဖြစ်မယ်ဆိုပြီး ယုံကြည်လို့ ယခု ဒီလွှတ်တော်မှာရောက်လာကြပါတယ်။ (သြဘာသံများ) ဒါပေမဲ့ အင်္ဂလိပ်ကျွန်ဘဝက လွတ်ပြီး ပခုံးပြောင်းအဖြစ် ဗမာတွေရဲ့ကျွန်ဖြစ်သွားမှာကိုလည်း မလိုချင်

ပါဘူး။ (ရယ်သံများနှင့် သြဘာသံများ) နှစ်ဦးနှစ်ဘက်စလုံး လွတ်လပ်ကြီးပွားရေးအတွက် တန်းတူရည်တူအခွင့်အရေးတွေနဲ့ ပူးပေါင်းဆောင် ရွက်သွားကြဖို့ဆိုရင် အစဉ်သဖြင့် အဆင်သင့်ရှိတယ်ဆိုတာလည်း ရှင်းရှင်းဘွင်းဘွင်းပဲ ကတိပေးပါတယ်။" (သြဘာသံများ)။

ယင်းကဲ့သို့ ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်က မိန့်ခွန်းမြွက်ကြားခြင်းသည် တန်းတူရေးကို မည်မျှမြတ်နိုးကြောင်း၊ တည်တံ့ခိုင်မြဲ၍ ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုနိုင်ငံတော်ကြီးတည်ထောင်ရေးအတွက် မည်မျှတန်ဖိုးထားကြောင်းတို့ကို ဖော်ပြသည့် ပင်လုံစိတ်ဓာတ်ကို ဖော်ထုတ်ပြသသွားခြင်းပင်ဖြစ်သည်။

**ရှင်းလင်းချက်-**

ထိုမိန့်ခွန်းနှင့်ပတ်သက်၍ ရှမ်းလူငယ်(ရပလ)အဖွဲ့ဝင်များသည်ပင်လျှင် ထိုစဉ်က စော်ဘွားကြီးစဝ်ရွှေသိုက်အပေါ် ထားရှိနိုင်သောအမြင်မှာ ကျဉ်းမြောင်းသောလူမျိုးရေးစိတ်ဓာတ်ရှိသည်၊ မြန်မာတွေအပေါ် စိုးရိမ်မှုလွန်ကဲလွန်းသည်၊ အယုံအကြည်ကင်းမဲ့လွန်းသည်၊ ရှမ်း-မြန်မာသွေးစည်းညီညွတ်ရေးကို ထိခိုက်စေနိုင်သည်ဟု သတ်မှတ်နိုင်ပေသည်။ သို့သော် ယခုအခါ နှစ်ပေါင်း(၇၀)နီးပါးရှိပြီ ဖြစ်သည်။ ထိုစဉ်က စော်ဘွားကြီးစဝ်ရွှေသိုက်၏ မိန့်ခွန်းနှင့်ပတ်သက်၍ မည်သို့ထင်မြင်ပါသလဲဟု ယနေ့အချိန်ကာလတွင်မေးလာလျှင် စော်ဘွားကြီးကပင် ကျဉ်းမြောင်းလွန်းသည်လား၊ တန်းတူရည်တူပြည်ထောင်စုကို မြတ်နိုးတန်ဖိုးထားသည်လား၊ သို့မဟုတ် ရပလ လူငယ်အပိုင်းကပင် ဖဆပလကို ယုံကြည်မှုလွန်ကဲခဲ့သည်လား ဆိုသည်ကို သမိုင်းက ဖြေဆိုပေးနေပြီ ဖြစ်သည်။

**(၄) ဗိုလ်ချုပ်အောင်ဆန်း လှိုင်ကော်မြို့ ဓမ္မာရုံတွင် ပြောကြားသည့် ကတိမိန့်ခွန်း**

၁၉၄၆-ခုနှစ်၊ ဒီဇင်ဘာလ(၂၃)ရက် လှိုင်ကော်မြို့ဓမ္မာရုံတွင် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းကြွရောက်လာပြီး ပြောကြားချက်မှာ - အင်္ဂလိပ်ပေးထားသော ကရင်နီပြည်လွတ်လပ်ရေးသည် ပြည့်ဝသောလွတ်လပ်ရေးဟု မဆိုနိုင်ကြောင်း၊ ဗမာပြည်ရရှိမည့်လွတ်လပ်ရေးသည် အပြည့်အဝလွတ်လပ်ရေးရရှိမည်ဖြစ်ကြောင်း၊ ကရင်နီပြည်အနေဖြင့် ဖွဲ့စည်းမည့် ပြည်ထောင်စုဗမာနိုင်ငံတွင် ပြည်နယ်တခုအဖြစ်ပါဝင်ပါက ကရင်နီပြည်သည် ကိုယ်ပိုင်အုပ်ချုပ်ရေးအပြည့်အဝရှိစေရမည်ဖြစ်ပြီး ကရင်နီပြည်တွင်းရေးကို ဗမာက လုံးဝ ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း၊ ကရင်နီပြည်အရေးကို ကရင်နီပြည်သူပြည်သားများကသာ တိုက်ရိုက်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြည့်အဝရှိစေရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ ကရင်နီပြည်ခေါင်းဆောင်များသည် ဗမာပြည်လွတ်လပ်ရေးရအောင် ကြိုးစားပါ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီးပါက ကရင်နီပြည်အနေဖြင့် ပြည်ထောင်စုတွင်ပါဝင်သင့် မသင့်နောက်မှ ပြည်သူ့ဆန္ဒသဘောထားရယူမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ ဤသည်လည်း ပင်လုံစိတ်ဓာတ်ပဋိညာဉ်နှင့်ဆက်စပ်သည် ဟု ဆိုနိုင်ပေမည်။

**(၅) ကချင်အမျိုးသားညီလာခံသဘောထားအပေါ် ဗိုလ်ချုပ်ပြောကြားသည့် ကတိမိန့်ခွန်း**

၁၉၄၆-ခုနှစ်၊ နိုဝင်ဘာလ(၁၈)ရက်နေ့ မြစ်ကြီးနားမြို့တွင် ဒူးဝါးကြီးများဦးဆောင်ပြီး ပြည်သူလူထု(၅,၀၀၀)ကျော်ပါဝင်တက်ရောက်သော ကချင်အမျိုးသားညီလာခံမနောပွဲတော်ကြီးကို ကျင်းပပြုလုပ်ခဲ့သည်။ ယင်းညီလာခံကြီးမှ ကချင်အမျိုးသားသည် ဗမာပြည်မနှင့် တပြိုင်တည်းလွတ်လပ်ရေးရယူပြီး လွတ်လပ်သောကချင်သမ္မတနိုင်ငံထူထောင်ရန် ဆုံးဖြတ်ကြသည်။ ယင်းဆုံးဖြတ်ချက်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ညှိနှိုင်းရန် ဒူးဝါးကြီးဆမားဒူးဝါးဆင်ဝါးနောင်အား တာဝန်ပေးလိုက်သည်။ ကချင်အမျိုးသားများလွတ်လပ်ရေးအတွက် တက်ကြွနေစဉ် ၁၉၄၆-ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်နေ့ တွင် ဗိုလ်ချုပ်အောင်ဆန်း မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသည်။ ဒူးဝါးကြီးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်သေနတ်ကိုင်တပ်ရင်း(၂)သီးသန့်ရိပ်သာတွင် အင်္ဂလိပ်မသိအောင် လျှို့ဝှက်တွေ့ဆုံခဲ့ပြီး ကချင်အမျိုးသားညီလာခံမှ ဆုံးဖြတ်ထား

သည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းကိုတင်ပြရာ ဗိုလ်ချုပ်အောင်ဆန်းက "ကချင်ပြည်သည် ဗမာပြည်မနှင့် တပြိုင်တည်း လွတ်လပ်ရေးရယူလိုခြင်းသည် အင်မတန်မှ ဝမ်းမြောက်ဝမ်းသာဂုဏ်ယူကြောင်း၊ သို့ရာတွင် သီးခြား ကချင်သမ္မတနိုင်ငံ မထူထောင်ဘဲ ဗမာပြည်နှင့်တန်းတူရည်တူ ပြည်ထောင်စုတည်ထောင်သွားပါက နှစ်ဦးနှစ်ဘက်အကျိုးပိုရှိစေမည်ဖြစ်ကြောင်း" ပြန်လည်ရှင်းပြခဲ့သည်။ ဒူးဝါးကြီးမှ "ကချင်အမျိုးသားများသည် လူနည်းစုဖြစ်သဖြင့် ဗမာအမျိုးသားအများစု အနိုင်ကျင့်ခံရမည်ကို အထူးစိုးရိမ်ကြောင်း၊ ဗိုလ်ချုပ်က ဖဆပလအဖွဲ့ချုပ်ကို တာဝန်ယူနိုင်မလား"ဟု ပွင့်လင်းစွာမေးရာ၊ ဗိုလ်ချုပ်မှ "လုံးဝတာဝန်ယူမည်ဖြစ်ကြောင်း၊ အကယ်၍ ဖဆပလအဖွဲ့ချုပ်ကို မပြောနိုင်ပါက မိမိကိုယ်တိုင် ဖဆပလအဖွဲ့ချုပ်မှ နှုတ်ထွက်ပြီး သီးသန့်ကချင်သမ္မတနိုင်ငံထူထောင်ရေးတွင် ကိုယ်တိုင်ကိုယ်ကျ တက်ကြွစွာပါဝင်သွားမည်ဖြစ်ကြောင်း" ပြတ်သားစွာ ပြန်လည်ရှင်းပြရာ ကချင်ဒူးဝါးကြီးများက ဗိုလ်ချုပ်အပေါ် များစွာလေးစားပြီး ယုံကြည်မှုပိုမိုရရှိသွားခဲ့သည်။

အထက်ဖော်ပြပါ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများနှင့် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ရှမ်းအမျိုးသားခေါင်းဆောင် ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်၏ ဆွေးနွေးချက်များ၊ ဖြေကြားချက်များသည် ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓါတ်၊ ပြည်ထောင်စုကတိသစ္စာပြုထားသည့် သမိုင်းဝင်မှတ်တမ်းများပင် ဖြစ်ပေသည်။

ဤစာတမ်းတွင် ဖော်ပြပါသမိုင်းဝင်အပိုင်း(၃)ပိုင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်သားခေါင်းဆောင်များတို့က သီးခြားစီတည်ရှိသောနယ်မြေများ တပြိုင်တည်းလွတ်လပ်ရေးရယူရန်နှင့် လွတ်လပ်ရေးရပြီးပါက အမျိုးသားများ တန်းတူရည်တူကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ထောင်ရန် သံဓိဌာန်ချမှတ်ထားသည့် ပင်လုံစာချုပ်နှင့်သက်ဆိုင်သော သမိုင်းဝင်မှတ်တမ်းအပြည့်အစုံဖြစ်သည်။

## <u>ပြည်ထောင်စုနှင့်အခြေခံပြဿနာများ</u>

### ၁၉၄၇-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပင်လုံစိတ်ဓါတ်

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များတို့သည် အမျိုးသားများတန်းတူရည်တူ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံထားရှိရမည့် မူများ၊ အခြေခံကျောရိုးများကို အခိုင်အမာချမှတ်ပေးထားခဲ့ပြီး ဖြစ်သည်။ အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ပေးထားသည့် အခြေခံမူပါအတိုင်း စစ်မှန်သောဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသမ္မတနိုင်ငံတော်ကို တည်ဆောက်ခဲ့မည်ဆိုပါက နှစ်ပေါင်း(၇၀)နီးပါးကာလ၌ ယနေ့ကမ္ဘာ့နိုင်ငံအလယ်တွင် ငြိမ်းချမ်းသာယာဝပြောသော နိုင်ငံတော်အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ တည်ရှိနေမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားပြီးသည့်နောက် တိုင်းပြည်၏ကံကြမ္မာသည်လည်း ငင်သွားသည်ဟုဆိုရပေမည်။ မည်သို့ဆိုစေကာမူ ပြည်ထောင်စုတိုင်းရင်းသားများအားလုံး၏ ကံကြမ္မာဟူ၍ ခံယူကြရမည်ဖြစ်သည်။

ဖဆပလအဖွဲ့ချုပ်သည် ပင်လုံစိတ်ဓါတ်အခြေခံမူလမ်းစဉ်အပေါ် သွေဖယ်အားနည်းသွားရာမှ ဝန်ကြီးချုပ်ဦးနုသည် ဦးချန်ထွန်းအား ဖွဲ့စည်းပုံအခြေခံဥပဒေကို(၂)လအတွင်း အပြီးရေးဆွဲရန် တာဝန်ပေးအပ်ခဲ့သည်။ ဦးချန်ထွန်းက ၁၉၄၇-ခုနှစ်၊ စက်တင်ဘာလ(၂၃-၂၄)ရက်နေ့၌ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော အခန်းများ၊ အပိုဒ်များကိုရှင်းပြပြီး နောက်ဆုံးမှာအတည်ပြုခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းတင်ပြခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းချမှတ်ပေးထားသည့် မူအတိုင်းဆိုလျှင် လူအင်အားအများကြီး သုံးရမည်ဖြစ်ပြီး ငွေကြေးအကုန်အကျများမည်ဖြစ်ကြောင်း ယခုစစ်ပြီးစကာလတွင် တိုင်းပြည်ဆင်းရဲနေသေးကြောင်း၊ ဖွဲ့စည်းပုံအခန်း(၁၀)တွင် ခွဲထွက်ခွင့်ပါရှိပြီး အခန်း(၁၁)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခွင့်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုလက်စွဲ

မရှိလျှင် လွတ်လပ်ရေးမရနိုင်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရန် လိုအပ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

တိုင်းပြုပြည်ပြုလွှတ်တော်သို့ တက်ရောက်ကြသောတိုင်းရင်းသားခေါင်းဆောင်များသည် ပင်လုံစိတ်ဓါတ်၊ အမျိုးသားစိတ်ဓါတ်အရှိန်ကြောင့် ဦးနုနှင့် ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင်များအပေါ် အကြွင်းမဲ့ယုံကြည်ခြင်း၊ နိုင်ငံရေးအတွေ့အကြုံနုနယ်ခြင်း၊ ဥပဒေပြုလုပ်ငန်း နားလည်မှုအားနည်းခြင်း၊ အမျိုးသားခေါင်းဆောင်ကြီးများကျဆုံးကုန်၍ အချင်းချင်းသွေးစည်းညီညွတ်ရေးအတွက်ဆန္ဒပြင်းပြနေခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းပြောထားသည့်အတိုင်း ဥပဒေစကားလုံးထက် ပင်လုံစိတ်ဓါတ်ကို ယုံကြည်ကိုးစားခြင်း၊ အခန်း(၁၁)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခွင့် ပါရှိသဖြင့် လွတ်လပ်ရေးရရှိပြီးသည့်နောက် ပြင်ဆင်လိုသော ဖွဲ့စည်းပုံအခြေခံဥပဒေကို သွေးသားညီအစ်ကိုအချင်းချင်းအကြားတွင် ဥပဒေစကားလုံးကို အတိအကျအဓိပါယ်ကောက်ခြင်း၊ အကြပ်ကိုင်ခြင်းများ ပြုလုပ်လိမ့်မည်မဟုတ်၊ မူးတင်းမတ်တင်းဈေးဆစ်စရာ လိုအပ်မည်မထင်မြင်ခဲ့ပါ၊ လွတ်လပ်ရေးကိုပဲ အမြန်ဆုံး ရရှိခံစားလိုကြသည်။ ထို့ကြောင့် တင်ပြသော ဖွဲ့စည်းပုံအခြေခံဥပဒေကို တောင်တန်းဒေသခေါင်းဆောင်များကိုယ်စား တောင်ပိုင်စော်ဘွားကြီးစဝ်ခွန်ပန်းစိန်က လိုက်လှဲစွာထောက်ခံလိုက်သည်။ ထို့ကြောင့် ၁၉၄၇-ခုနှစ်၊ စက်တင်ဘာလ(၂၄)ရက်နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုနိုင်ခဲ့ပေသည်။

**ပြည်တွင်းစစ်မီးစတင်လောင်ကျွမ်းခြင်း**

၁။ နိုင်ငံရေးတွင် ဒီမိုကရေစီအခြေခံအကျဆုံးဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို လက်တွေ့အကောင်အထည်ဖော်ရာ၌ ပါတီဂိုဏ်းဂဏစွဲပြင်းထန်လွန်းခြင်း၊ အမျိုးသားပြည်နယ်အဆင့်အတန်း ရသင့်ရထိုက်သော ကရင်၊ မွန်၊ ရခိုင်အမျိုးသားများအတွက် အမျိုးသားပြည်နယ်များ မဖော်ဆောင်ပေးခြင်း၊ သီးခြားလွတ်လပ်သော ကရင်နီပြည်စောဖျာများနှင့် ပြည်သူလူထုတို့၏ ဆန္ဒသဘောထားအမှန်ကို ရယူခြင်းမရှိပဲ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အဖြစ် သတ်မှတ်ခြင်း စသည့် အကြောင်းတရားများကြောင့် ပြည်သူ့ရဲဘော်၊ ရဲဘော်ဖြူ၊ ဗကပအဖွဲ့အစည်းများသည် ပါတီဝါဒတော်လှန်ရေးစစ်ပွဲ၊ ကရင်၊ မွန်၊ ရခိုင်တိုင်းရင်းသားများ တန်းတူရေးစစ်ပွဲနှင့် ကရင်နီအမျိုးသားခုခံတော်လှန်ရေးစစ်ပွဲများ ပေါ်ပေါက်လာခဲ့သဖြင့် လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းစစ်မီးသည်လည်း စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

**ဒုတိယအဆင့်ပြည်တွင်းစစ်မီးလောင်ကျွမ်းခြင်း**

ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ရှမ်း စသည့်တိုင်းရင်းသားများ ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရန်တင်ပြရာတွင် အကြောင်းအမျိုးမျိုးပြပြီးအချိန်ဆွဲခြင်း၊ ကူမင်တန်တရုတ်ဖြူကိုအကြောင်းပြပြီး ရှမ်းပြည်စော်ဘွားနယ်(၁၃)နယ်ကို စစ်အုပ်ချုပ်ရေးသတ်မှတ်ခြင်း၊ ကချင်ပြည်နယ်အစိုးရနှင့် ပြည်သူလူထုဆန္ဒရယူခြင်းမရှိပဲ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန်ဒေသကို တရုတ်ပြည်သို့လွှဲအပ်ပေးခြင်း၊ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်သတ်မှတ်ခြင်းစသည့် အကြောင်းတရားများကြောင့် ကချင်၊ ချင်း၊ ရှမ်း၊ ပအိုဝ်းလက်နက်ကိုင်တော်လှန်ရေး ထပ်မံပေါ်ပေါက်လာသဖြင့် ပြည်တွင်းစစ်မီးထပ်ဆင့်လောင်ကျွမ်းသွားခြင်းဖြစ်သည်။

**ပြည်တွင်းစစ်မီးအထွတ်အထိပ်သို့လောင်ကျွမ်းခြင်း**

ဝန်ကြီးချုပ်ဦးနုသည် ၁၉၆၁-ခုနှစ်၊ မတ်လ(၁၇)ရက်နေ့ကျင်းပပြုလုပ်သော ဖဆပလညီလာခံတွင် ပြည်နယ်အသီးသီးမှ ခေါင်းဆောင်များခေါ်ယူကာ ယိမ်းယိုင်နေသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်လိုကြောင်း ပြောကြားပြီး တရားရေးဝန်ကြီးကို တာဝန်လွှဲအပ်ခဲ့သည်။

ရှမ်းပြည်၊ တောင်ကြီးမြို့တွင် ၁၉၆၁-ခုနှစ်၊ ဇွန်လ(၈)ရက်နေ့မှ(၁၆)ရက်နေ့အထိ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးညီလာခံကြီးတရပ် ကျင်းပပြုလုပ်ရာတွင် ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ရှမ်း၊ ရခိုင်တိုင်းရင်းသားခေါင်းဆောင်များ(၂၂၆)ဦး၊ လွှတ်တော်သူ(၁၀၄)ဦး၊ စုစုပေါင်း(၃၃၀)ဦး တက်ရောက်ပြီး ပင်လုံစိတ်ဓါတ်အခြေခံမူပါအတိုင်း အမျိုးသားများတန်းတူရည်တူကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရန် သဘောတူချမှတ်ခဲ့သည်။

ဝန်ကြီးချုပ်ဦးနုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ၁၉၆၂-ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄)ရက်နေ့မှစတင်၍ ပါတီပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံနီးနှောဖလှယ်ပွဲကြီး ကျင်းပနေစဉ် ဗိုလ်ချုပ်နေဝင်းဦးဆောင်သော ဖက်ဆစ်စစ်အုပ်စုက ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ရှမ်း၊ ရခိုင်တိုင်းရင်းသားများသည် ဖက်ဒရယ်သမားများ၊ ခွဲထွက်သူများဖြစ်ကြပြီး တိုင်းပြည် အစိတ်စိတ်အမွှာမွှာပြိုကွဲ၍ တိုင်းပြည်ချောက်ကမ်းပါးကျလုဆဲဆဲတွင် တပ်မတော်က အချိန်မီကယ်တင်ထိန်းသိမ်းနိုင်သည်ဟု သူခိုးလူဟာစ်ပြီး ဝန်ကြီးချုပ်ဦးနုထံမှ အာဏာသိမ်းယူခဲ့သည်။ ထိုသို့ သူခိုးလူဟာစ်သည်ကို နိုင်ငံရေးအားနည်းသော ပြည်သူအများစုက- လွတ်လပ်ရေးရသည်မှာ မကြာသေး၊ တိုင်းရင်းသားများ ခွဲထွက်မည်ကို တပ်မတော်က အာဏာသိမ်းခြင်းသည် မှန်ကန်ကြောင်း- ယူဆကြပြီး ဖက်ဒရယ်ဆိုသည့် အသုံးအနှုန်းကို တိုင်းပြည်ပုန်ကုန်မှုကြီးအဖြစ် ရှုမြင်သည်သာမက ဖက်ဒရယ်ဆိုသည်ကို တစ္ဆေသရဲအဖြစ် ထင်မြင်လာခဲ့ကြသည်။

ထိုသို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်း၍မရသည့်အဆုံး ရရာလက်နက်စွဲကိုင်ကာ ဝ၊ ပလောင်၊ နာဂ၊ လားဟူ၊ အခါ၊ ကယန်းစသည့်တိုင်းရင်းသားလူမျိုးစုပါမကျန် လက်နက်ကိုင်တော်လှန်ရေးပေါ်ပေါက်လာပြီး ပြည်တွင်းစစ်မီးသည်လည်း ဟုန်းဟုန်းတောက်လောင်ကျွမ်းခြင်းဖြစ်သည်။ ထိုသို့ ပင်လုံစိတ်ဓါတ်အခြေခံမူလမ်းစဉ်အပေါ် သွေဖယ်အားနည်းသွားခြင်း၏ ရလဒ်သည် နိုင်ငံတော်တွင် ဖက်ဆစ်စစ်အုပ်စုပေါ်ပေါက်လာခြင်း ဖြစ်သည်။ တိုင်းရင်းသားများ တန်းတူရေးမရှိသည့် ၁၉၄၇-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း(၁၄)နှစ်အကြာတွင် ရပ်စဲသွားခဲ့သည်။

## ၁၉၇၄-ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပင်လုံစိတ်ဓါတ်

ဗိုလ်နေဝင်းဦးဆောင်သော စစ်အုပ်စုသည် ၁၉၆၂ ခုနှစ်တွင် ဝန်ကြီးချုပ်ဦးနုထံမှ အာဏာသိမ်းယူခဲ့ပြီး ပင်လုံစိတ်ဓါတ်အခြေခံမူလမ်းစဉ်အပေါ် လုံးဝဆန့်ကျင်သွားကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ)တပါတီအာဏာရှင်စနစ်ကို တည်ထောင်၍ ၁၉၇၄-ခုနှစ်တွင် ၎င်းတို့စိတ်ကြိုက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအဓမ္မပြဋ္ဌာန်းလိုက်သည်။ ယင်းဖွဲ့စည်းပုံသည် တိုင်းရင်းသားများတန်းတူအခွင့်အရေးများအားလုံး ဆုံးရှုံးသည့်အပြင် ပြည်သူများ ဒီမိုကရေစီလူ့အခွင့်အရေးဟူသမျှသည်လည်း လုံးဝဆိတ်သုဉ်းသွားသဖြင့် ပြည်တွင်းစစ်မီးသည် အထွတ်အထိပ်သို့ လောင်ကျွမ်းမဆုံး တောက်လောင်ခြင်းနှင့်အတူ ပြည်သူများ ဒီမိုကရေစီတိုက်ပွဲသည်လည်း တဆင့်ပြီးတဆင့် ပိုမိုပြင်းထန်လာသည် နောက်ဆုံး ၁၉၈၈-ခုနှစ်တွင် ပြည်လုံးကျွတ် ပြည်သူများ ဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် (မဆလ)တပါတီအာဏာရှင်စနစ် ပြုတ်ကျသွားပြီး ၎င်းတို့စိတ်ကြိုက်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ၎င်းတို့ကိုယ်တိုင် ဖျက်သိမ်းလိုက်ရသည်။ တိုင်းရင်းသားများတန်းတူရေးဆုံးရှုံးပြီး ပြည်သူများ ဒီမိုကရေစီအခွင့်အရေးဆိတ်သုဉ်းခြင်း ပြဿနာများကြောင့် ၁၉၇၄-ခုနှစ်ဖွဲ့စည်းပုံသည်လည်း (၁၄)နှစ်သာခံပြီး ပျက်စီးသွားခဲ့သည်။ ထိုသို့ ဗိုလ်နေဝင်းဦးဆောင်သော ဖက်ဆစ် စစ်အုပ်စု သည် ပင်လုံစာချုပ်မူလမ်းစဉ်အပေါ် ဖောက်ပြန်သည့်လုပ်ရပ်များကြောင့် နောက်ဆုံးရလဒ်သည် အရှေ့တောင်အာရှနိုင်ငံများအနက် အချမ်းသာဆုံးနိုင်ငံဘဝမှ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဘဝ တွင်းနက်ထဲသို့ ကျဆင်းသွားခြင်းဖြစ်သည်။

## ၂၀၀၈-ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပင်လုံစိတ်ဓါတ်

ဗိုလ်နေဝင်းဦးဆောင်သော ဖက်ဆစ်စစ်အုပ်စုသည် (မဆလ)တပါတီအာဏာရှင်စနစ် ပျက်သုဥ်းပြီး ၁၉၇၄-ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းလိုက်သော်လည်း ပြည်သူများတောင်းဆိုသည့် ကြားဖြတ်အစိုးရကို လုံးဝလက်မခံခဲ့ပါ။ ၎င်းတို့ ဖက်ဆစ်အမွေဖြစ်သော (မဆလ)တပါတီအာဏာရှင်စနစ်တဖြစ်လဲ တစည်ပါတီကိုလည်းကောင်း၊ မဆလအုပ်ချုပ်ရေးတဖြစ်လဲ နဝတစစ်အုပ်စုကိုလည်းကောင်း အမွေစားအမွေခံအဖြစ် ပေးအပ်ခဲ့သည်။

နဝတစစ်အုပ်စုသည် မဆလထံမှ ရရှိထားသောအမွေကို အားကိုးယုံကြည်ပြီး ၁၉၉၀-ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးခဲ့သည်။ NLD ပါတီသည် (၈၂)ရာခိုင်နှုန်းကျော်အပြတ်အသတ် အနိုင်ရရှိသော်လည်း အာဏာလွှဲပြောင်းပေးခြင်း မပြုလုပ်သည့်အပြင် နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဖမ်းဆီးထောင်ချနှိပ်စက်ခြင်း၊ နေအိမ်အကျယ်ချုပ်ထိန်းသိမ်းခြင်း စသည့်လုပ်ရပ်များသည် ပြည်သူများဆန္ဒကို မိုက်မဲစွာစော်ကားလိုက်ခြင်းပင်ဖြစ်သည်။

နဝတ-နအဖ စစ်အုပ်စုသည် ပင်လုံစိတ်ဓါတ်အခြေခံမူလမ်းစဥ်အပေါ် ဆန့်ကျင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန်၊ အနာဂတ်အမျိုးသားနိုင်ငံရေးတွင် တပ်မတော်က အစဥ်တစိုက် ဦးဆောင်ပါဝင်ထမ်းဆောင်နိုင်ရေး ဦးတည်ချက်ချမှတ်ပြီး၊ ၎င်းတို့ စိတ်ကြိုက်ရွေးချယ်ထားသော ကိုယ်စားလှယ်များဖြင့် ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ၁၄ နှစ်ကြာအချိန်ဆွဲသည့် အတုအယောင်အမျိုးသားညီလာခံတခုကို ရေးဆွဲလာခဲ့သည်။ စစ်အုပ်စုသည် ဦးတည်ချက်ပါရှိသည့်အတိုင်း၊ ပြည်သူတရပ်လုံးကို ကျွန်ပြုထားသော ဖွဲ့စည်းပုံတခုကို ၎င်းတို့စိတ်ကြိုက်ရေးဆွဲပြီး ၂၀၀၈ ခုနှစ်တွင် အတင်းအဓမ္မအတည်ပြုပြဌာန်းလိုက်သည်။

ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် ပင်လုံစိတ်ဓါတ်အခြေခံမူလမ်းစဥ်နှင့် လုံးဝဆန့်ကျင်နေပါသဖြင့် ပြည်သူ့ဒီမိုကရေစီအခွင့်ရေးနှင့် တိုင်းရင်းသားများတန်းတူရေးကို မည်သို့မျှဖော်ဆောင်ထားခြင်းမရှိကြောင်း ရှင်းနေပါသည်။ ၂၀၀၈ ခုအခြေခံဥပဒေအရ ပေါ်ပေါက်လာခဲ့သော ပြည်ခိုင်ဖြိုးအစိုးရလက်ထက်(၅)နှစ် သက်တမ်းကာလတွင် တိုင်းပြည်၏ မြေပေါ်ရေအောက်သယံဇာတများ ကုန်ခန်းလုနီးပါး ထုတ်ရောင်းခဲ့သော်လည်း ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဘဝသို့ ကျဆင်းခြင်းမှ ရုန်းမထွက်နိုင်သည့်အပြင် ယနေ့ ပြည်သူလူထုများ စားဝတ်နေရေးသည်လည်း အတိဒုက္ခမျိုးစုံ ကြုံတွေ့ခံစားနေရပါသည်။

ယနေ့ NLD ဦးဆောင်သော အစိုးရသည်ပင်လျှင် ပင်လုံစိတ်ဓါတ်အခြေခံမူလမ်းစဥ်နှင့် ဆန့်ကျင်ပြီး ဖွဲ့စည်းပုံ ပြင်ဆင်ခက်ရန် တင်းကြပ်စွာရေးဆွဲချမှတ်ထားသည့် ၂၀၀၈ ခုနှစ်အခြေခံဥပဒေကို တိုင်းရင်းသားများ တန်းတူရေးနှင့် ပြည်သူများ ဒီမိုကရေစီအခွင့်အရေးများအတွက် ဒီမိုကရေစီစံချိန်စံညွှန်းနှင့်အညီ လုံးဝပြင်ဆင်နိုင်မည်မဟုတ်ကြောင်း နိုင်ငံရေးနားလည်သူများအားလုံး သိရှိကြပြီးဖြစ်သည်။

ပြည်ထောင်စုဗမာနိုင်ငံတော်၏ အခြေခံပြဿနာသည် ဖွဲ့စည်းပုံအခြေခံပြဿနာပင်ဖြစ်သည် ဖွဲ့စည်းပုံပြဿနာဆိုရာတွင် တိုင်းရင်းသားများ တန်းတူရည်တူအခွင့်အရေးဆုံးရှုံးခြင်းနှင့် ပြည်သူများ ဒီမိုကရေစီအခြေခံအခွင့်အရေးများ ဆိတ်သုဥ်းခြင်း ပြဿနာရပ်များပင်ဖြစ်သည်။ ထို့ကြောင့် ပင်လုံစိတ်ဓါတ်အခြေခံမူ လမ်းစဥ်ပါအတိုင်း စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်မှသာလျှင် ပြည်သူများ ဒီမိုကရေစီအခွင့်အရေးနှင့် တိုင်းရင်းသားများတန်းတူအခွင့်အရေးများ အပြည့်အဝဖော်ဆောင်ပေးနိုင်ပြီး ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

**ပြည်ထောင်စုနှင့် သင်ခန်းစာများ**

၁။ ဗိုလ်ချုပ်အောင်ဆန်းသည် ရိုးသားပွင့်လင်းပြီး တိုင်းပြည်နှင့်ပြည်သူများအပေါ် စေတနာအပြည့်အဝရှိသည်။ တိုင်းပြည်နှင့် ပြည်သူများအကျိုးရှိသည့် လုပ်ငန်းအပေါ် ရဲရင့်ပြတ်သားသားစွာ ဦးဆောင်နိုင်သည်။ တိုင်းရင်းသားပြည်သူများ၏ ယုံကြည်မှုအပြည့်အဝ ရရှိထားသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များတို့သည် ပင်လုံစာ

ချုပ်ကို ချုပ်ဆိုနိုင်ကြပြီး ယင်းပြည်ထောင်စုစိတ်ဓါတ်အင်အားဖြင့် တပြိုင်တည်းလွတ်လပ်ရေးကို အမိအရ ဆွတ်ခူးပေးနိုင်ခဲ့သည်။ ဤသည်မှာ ပြည်ထောင်စုအတွက် ကြီးမားသောစံနမူနာ သင်ခန်းစာအဖြစ် ခံယူကျင့်သုံးကြရမည်ဖြစ်သည်။

၂။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားပြီးသည့်နောက် ဖဆပလအဖွဲ့ချုပ်အစိုးရသည် ပင်လုံစိတ်ဓါတ် အခြေခံမူလမ်းစဉ် အပေါ် သွေဖယ်အားနည်းသွားခြင်းနှင့်အတူ တိုင်းရင်းသားများ တန်းတူအခွင့်အရေးဆုံးရှုံးသွားသဖြင့် ပြည်တွင်းစစ်မီး အဆင့်ဆင့် တောက်လောင်သွားပြီး တိုင်းပြည်တွင် ဖက်ဆစ်စစ်အုပ်စု ပေါ်ပေါက်လာခြင်းဖြစ်သည်ကို သင်ခန်းစာရယူ ကြရန်နှင့် ဖက်ဆစ်စစ်အုပ်စုအဆက်ဆက်သည် ပင်လုံစိတ်ဓါတ် အခြေခံမူလမ်းစဉ်အပေါ် ဖောက်ဖျက်ခြင်းကြောင့် တိုင်း ရင်းသားများ တန်းတူအခွင့်အရေးအားလုံးဆုံးရှုံးသွားသည့်အပြင် ပြည်သူများ ဒီမိုကရေစီအခြေခံလူ့အခွင့်အရေးဟူသမျှ ဆိတ်သုဉ်းသွားသဖြင့် ပြည်တွင်းစစ်မီး ဟုန်းဟုန်းတောက်လောင်ကျွမ်းခြင်းနှင့် ပြည်သူများ ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့ပြီး တိုင်းပြည်သည်လည်း ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဘဝ တွင်းနက်သို့ကျရောက်ခြင်းနှင့်အတူ ပြည်သူများ၏ စားဝတ်နေရေးသည်လည်း အတိဒုက္ခမျိုးစုံ ကြုံတွေ့ခံစားနေရသည်ကို သင်ခန်းစာကြီးအဖြစ် ရယူကြရမည်ဖြစ်သည်။

**ပင်လုံစာချုပ်အပြည့်အစုံမှာ-**

ဤစာတမ်းတွင်ပါရှိသော အပိုင်း(၁)တပြိုင်တည်းလွတ်လပ်ရေး ရယူရေး၊ အပိုင်း(၂)အမျိုးသားများတန်း တူရည်တူ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် အပိုင်း(၃)ပင်လုံကတိကဝတ်များတို့ဖြစ်သည်။ အဆိုပါ ပင်လုံစာချုပ်အပါအဝင် သမိုင်းဝင်မှတ်တမ်းများသည် ပြည်ထောင်စုဗမာနိုင်ငံတော်၏ အသက်သွေးကြောပင်ဖြစ်ပြီး၊ ပြည်ထောင်စုဗမာနိုင်ငံတော်ဟူ၍ ပေါ်ထွန်းလာခြင်းဖြစ်သည်။

ယနေ့ကာလတွင် ငြိမ်းချမ်းရေးလုပ်ငန်း၊ NCA လုပ်ငန်း၊ UPDJC ဆွေးနွေးပွဲလုပ်ငန်း စသည့်လုပ်ငန်းများကိုလည်း ပြင်ဆင်နေသည့် အချိန်အခါဖြစ်သည်။

မည်သို့ဆိုစေကာမူ ၂၁-ရာစု ပင်လုံညီလာခံကြီးကျင်းပရေးလုပ်ငန်းသည် ၁၉၄၇ ခုနှစ် ပင်လုံညီလာခံနှင့် ပတ်သက်သော ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓါတ်၊ ပင်လုံပဋိညာဉ်များကို အခြေခံထားရှိပြီး၊ ဦးတည်၍ ကျင်းပပြုလုပ်သွားခြင်းဖြင့် သာလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ရည်မှန်းထားသည့် စစ်မှန်သောဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသမ္မတနိုင်ငံတော် တည်ဆောက်ရေး မုချအောင်မြင်မည် ဖြစ်သည်။

ပင်လုံစာချုပ်နှင့် ပင်လုံပဋိညာဉ် စိတ်ဓါတ် ကို အစဉ်ဂါဝရပြုပါလျှက်

ပြုစုတင်ပြသူ

ခွန်းမတ်ရ်ကိုဘန်
(၁၉၉၀ ခု ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
၂၀၁၆ ခု မေလ ၂၇ ရက်